## **ရှာဖွေတွေ့ရှိသောအဖွဲ့လက်တွေ့ကျင့်သုံးမှု**
DISCOVERY GROUP PRACTICE - IDMM

နေ့စွဲ- ၁၈/၁၉ (မိနစ် ၃၀ ပြင်ဆင်ခြင်း + တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား၊ သူ) သည်

၁. သမ္မာကျမ်းချက် စာပိုဒ်တိုတစ်ချက်နှင့်အတူ ရှာဖွေတွေ့ရှိသည့်အဖွဲ့လိုက် လေ့ကျင့်ခန်းတစ်ချိန်ကို လက်တွေ့လေ့ကျင့်ပါ။

၂. ကျန်းမာရေး သို့မဟုတ် လူမှုရေးအကြောင်းအရာကို သရုပ်ဖော်ပြသရန် ပြဇာတ်တိုတစ်ပုဒ်အား တိုးတက်လာစေရန် လက်တွေ့လေ့ကျင့်နိုင်လိမ့်မည်။

၃. ရုပ်ပုံပါသော စာအုပ်တစ်အုပ် သို့မဟုတ် အခြားရုပ်မြင်အထောက်အကူများအား အသုံးပြုခြင်းကို လက်တွေ့ကျင့်သုံးနိုင်လိမ့်မည်။

၄. ရှာဖွေတွေ့ရှိသောအဖွဲ့ခေါင်းဆောင်များအား နည်းပြလုပ်ခြင်းအကြောင်းကို လေ့လာနိုင်လိမ့်မည်။

**သင်တန်းဆရာများအတွက်ချိုင့်သုံးသပ်ခြင်း-**

**I. ရှာဖွေတွေ့ရှိသောအဖွဲ့လက်တွေ့ကျင့်သုံးမှု- ၄၅"**

ယနေ့တွင် သင်တို့သည် ရှာဖွေတွေ့ရှိသောအဖွဲ့တစ်ဖွဲ့ ကို ပြင်ဆင်၍ လက်တွေ့အသုံးချရန် အခွင့်အလမ်းကိုရလိမ့်မည်။ အချိန်မလုံလောက်မှုကြောင့် ကျွန်တော်တို့သည် ရှေ့သို့မျှော်ကြည့်ခြင်းနှင့် အပြင်ဘက် ကဏ္ဍများကိုသာ ပြုလုပ်နိုင်လိမ့်မည်။

**ရှာဖွေတွေ့ရှိသောအဖွဲ့လက်တွေ့ကျင့်သုံးခြင်းလမ်းညွှန်မှုများ**

သူတို့အားမှတ်စုပေးပါ။

လေ့လာသင်ယူသူ ဗဟိုပြုခြင်း၏နိယာမများတို့ကို သတိရပါ။ သင်သည် သင်တန်းမှူးတစ်ဦးဖြစ်သည်၊ ဆရာတစ်ဦးမဟုတ်ပါ (မေးခွန်းများကိုမေးမြန်းခြင်း)။ လွယ်ကူချောမောစေရန်ပံ့ပိုးသောအခါ မတ်တတ်မရပ်ရန်၊ ထိုင်ရန် သတိရပါ။ သင်ခန်းစာတစ်ခုစီတိုင်းတွင် နီးနှောဖလှယ် ရာတွင် သင်တန်းသား၊သူများအားပါဝင်မှုတို့ကို လိုအပ်သည်။

ဤအရာသည် တိုတောင်းသောရှာဖွေတွေ့ရှိသောအဖွဲ့၏ဘာသာပြန်ဆိုချက် ဖြစ်သည်။ အဓိကအချက်များကိုဖော်ပြချက်အားလုံးအတွက် ရှာဖွေတွေ့ရှိသောအဖွဲ့ကိုချိုင့်သုံးသပ်ချက်အား ရည်ညွှန်းသည်။

သင်တို့တွင် အချိန် ၁၅ မိနစ်ရရှိမည်။ သင်တို့အဖွဲ့မှ တစ်ဦးကိုအချိန်ဇယားထိန်းသိမ်းသူအဖြစ် ထားပါ။

၁. **<u>ရှေ့သို့မျှော်ကြည့်ခြင်းအပိုင်း</u>-** တစ်ဦးက ဦးဆောင်လိမ့်မည်။ ၅" အများဆုံး တစ်ဦးက ဦးဆောင်လိမ့်မည်။ ခေါင်းဆောင်သည် လွယ်ကူချောမောစေရန်ပံ့ပိုးခြင်း ဖြစ်သည်၊ သင်ကြားခြင်း သို့မဟုတ် ဟောပြောခြင်းမဟုတ်ပါ။

က. တစ်ဦးဦးက ကျမ်းပိုဒ်ကိုဖတ်သည်။

**ခ. ကျွန်တော်တို့သည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကို လေ့လာသင်ယူရသနည်း။**

**ဂ. ကျွန်တော်တို့သည် လူအကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကို လေ့လာသင်ယူရသနည်း။**

**ဃ. ဤကျမ်းပိုဒ်၌ ကျွန်တော်တို့ လေ့လာသင်ယူထားသည့် အရာ၏ ရလဒ်အနေဖြင့် ကျွန်တော်တို့ အဘယ်အရာကိုပြုလုပ်မည်နည်း။**

၂. **အပြင်ပန်းအပိုင်းကိုကြည့်ခြင်း-** ၁၀"

က. ကျန်းမာရေးပြဿနာကို သရုပ်ပြရန် ပြဇာတ်တိုတစ်ပုဒ်ကို ပြင်ဆင်ပါ။ ပြဇာတ်ကိုပြင်ဆင်ရာတွင် သင်၏အဖွဲ့ငယ်မှအဖွဲ့ဝင်များကိုလည်း ပါဝင်စေပါ။ ၅" သင်၏အဖွဲ့မှတစ်ဦးက ပါဝင်သူများအား အောက်ပါ မေးခွန်းများကို မေးလိမ့်မည်။

**၁. သင်အဘယ်အရာကို တွေ့မြင်ခဲ့သနည်း။** အဖြေ ၁-၂ ခု

**၂. ဘာဖြစ်ပျက်နေခဲ့သနည်း။** သူတို့ပြဿနာကို ဖေါ်ထုတ်သည်ကို သေချာစေပါ။

**၃. ဤအဖြစ်အပျက်သည် ကျွန်တော်တို့ဒေသတွင် ဖြစ်ပျက်သနည်း။**

ခ. အခြားသူတစ်ဦးသည် ရုပ်ပုံပါသောစာအုပ်ကိုအသုံးပြုသည့် ကျန်းမာရေး/လူမှုရေး အကြောင်းအရာကို ဦးဆောင်လိမ့်မည်။ ၅"

လေ့လာသင်ယူသူအပေါ် အာရုံစူးစိုက်ရန် သတိရပါ။ **မေးခွန်းများကို မေးမြန်းပြီး အဖြေများကိုစောင့်ပါ။**

ပါဝင်သူများကို ဝေမျှရန်အချိန်ရရှိပြီးနောက် သင် ဝေမျှနိုင်သည်။

**၁.** မျက်နှာဖုံးစာမျက်နှာကို ဖွင့်ပါ။ "**ယနေ့ ကျွန်တော်တို့သည် ______အကြောင်းကိုလေ့လာ သင်ယူသွားမည်**။

**၂. ဤပုံမှာ သင်အဘယ်အရာကို တွေ့ရသနည်း။ ဤဖြစ်ပျက်မှုသည် ကျွန်တော် တို့၏နေရာတွင် ဖြစ်ပျက်နေသလား။**

၃. ပထမစာမျက်နှာသို့လှန်ပါ။ _____**အကျိုးဖြစ်စေသောအကြောင်းရင်းမှာ အဘယ်နည်း။**

၄. ဒုတိယစာမျက်နှာသို့ လှန်ပါ။ ______ **ကိုဆက်ဆံပြုမူရန် နည်းလမ်းတစ်ချို့မှာ အဘယ်နည်း။**

၅. နောက်တစ်မျက်နှာသို့လှန်ပါ။ **သင်သည် ဆေးခန်း သို့မဟုတ် ဆေးရုံသို့ဘယ်အချိန် တွင် သွားသင့်သနည်း။**

၆. နောက်ထပ်စာမျက်နှာတစ်ခုသို့လှန်ပါ။ **သင်သည်________ ကို အဘယ်သို့တားဆီးနိုင် သနည်း။ သို့မှသာ သင်သည်ဤအရာကိုအနာဂါတ်တွင် မကြုံရပေ။**

**၇. သင့်အဖို့ အသစ်ဖြစ်သောအရာမှ ယနေ့ အဘယ်အရာကိုလေ့လာသင်ယူ**

**ခဲ့သနည်း။**

**ဂ. သင်၏နေအိမ်၌ အဘယ်အရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်မည်နည်း။**

အဖွဲ့သုံးဖွဲ့ခွဲပြီး သူတို့အား အောက်ပါကျမ်းပိုဒ်များနှင့် ကျန်းမာရေးဆိုင်ရာအကြောင်းအရာတို့ကို ပေးပါ။ အကယ်၍ ပါဝင်သူတို့သည် အယောက် ၂၀ အထက်ဖြစ်ပါက ၁-၂ ဖွဲ့ထက် ခွဲပါ။ အခြား ကျမ်းပိုဒ်များနှင့် အကြောင်းအရာများကိုအသုံးပြု၍ အဖွဲ့များကို လွတ်လပ်စွာလှုပ်ရှားစေပါ။ အဖွဲ့များကို ပိုမိုဖွဲ့ပါ။

သူတို့အား ကြိုတင်ပြင်ဆင်ရန်အချိန်ပေးပါ။ ညနေ သို့မဟုတ် နေ့လည်စာစားချိန်

က. **အဖွဲ့ ၁**

သမ္မာကျမ်းစာရှာဖွေတွေ့ရှိခြင်း- မာကု ၁၂း၄၁-၄၄ (မုဆိုးမ၏အလှူ)

ကျန်းမာရေးအကြောင်းအရာ- အအေးမိခြင်းများ

ခ. **အဖွဲ့ ၂**

သမ္မာကျမ်းစာရှာဖွေတွေ့ရှိခြင်း- မာကု ၈း ၃၄-၃၈ (ကားတိုင်လမ်း)

ကျန်းမာရေး/လူမှုရေးအကြောင်းအရာ- ဝမ်းလျှောခြင်း

ဂ. **အဖွဲ့ ၃**

သမ္မာကျမ်းစာရှာဖွေတွေ့ရှိခြင်း- မာကု ၁၀း၄၆-၅၂ (ဗာတိမဲအကြောင်း)

ကျန်းမာရေး/လူမှုရေးအကြောင်းအရာ- မျက်စိကိုဂရုစိုက်ခြင်း

ဃ. **အဖွဲ့ ၄**

သမ္မာကျမ်းစာရှာဖွေတွေ့ရှိခြင်း-

ကျန်းမာရေး/လူမှုရေးအကြောင်းအရာ-

င. **အဖွဲ့ ၅**

သမ္မာကျမ်းစာရှာဖွေတွေ့ရှိခြင်း-

ကျန်းမာရေး/လူမှုရေးအကြောင်းအရာ-

II. **တာဝန်ဆောင်ရွက်ချက်ကိုပြန်လည်အစီရင်ခံစေခြင်း- ၁၀"**

အဖွဲ့အားလုံးသည် ရှာဖွေတွေ့ရှိမှုအဖွဲ့များကို အပြီးသတ်သည်။ ထို့နောက် အောက်ပါမေးခွန်းများကို မေးမြန်းပါ။

**က. ဤလေ့ကျင့်ခန်းမှ သင် အဘယ်အရာကို လေ့လာသင်ယူခဲ့သနည်း။**

**ခ. ယနေ့ရှာဖွေတွေ့ရှိသော အဖွဲ့များတွင် လေ့လာသင်ယူခြင်းလုပ်ဆောင်ချက်နည်းကို ကျွန်တော်တို့တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်နိုင်သည့် နည်းလမ်းများမှာ အဘယ်နည်း။**

၈. သင်လက်တွေ့အသုံးချခဲ့သည့် ယခုရှာဖွေတွေ့ရှိသောအဖွဲ့အကြောင်းနှင့်ပတ်သက်၍ သင်၌ မည့်သည့်မေးခွန်းများ ရှိသနည်း။

**ကိုးကားချက်များ-**

**ရပ်တည်မှု-** ပါဝင်သူသင်တန်းသူ/သားများတို့သည် ရှာဖွေတွေ့ရှိသောအဖွဲ့များကို ဦးဆောင်ရာတွင် ယုံကြည်စိတ်ချမှု ရရှိလိမ့်မည်။

**ကျွမ်းကျင်မှု-** ပါဝင်သူသင်တန်းသူ/သားများတို့သည် IDMM တွင် ခေါင်းဆောင်များအားအဘယ်သို့ လေ့ကျင့်ပေးရန်ကို သိရှိလိမ့်မည်။

**အကဲဖြတ်ခြင်း-** ရှာဖွေတွေ့ရှိသောအဖွဲ့ခေါင်းဆောင်များသည် ဝိညာဉ်ရေးရာနှင့် ရုပ်ပိုင်းဆိုင်ရာ/ လူမှုရေးအကြောင်းအရာများတို့ကို ပေါင်းစပ်ဖွဲ့စည်းနေသလား။ သင်ကြားခြင်း၌ ပါဝင်သောနည်းလမ်းများကို အသုံးပြုနေသလား။

**တန်ဆာပလာများ** - စက္ကူစာရွက်ချပ်၊ မှတ်သားရန်ဖောင်တိန်များ၊ တိပ်ပြား၊
- သမ္မာကျမ်းစာ
- မှတ်စု- ရှာဖွေတွေ့ရှိသောအဖွဲ့လက်တွေ့ကျင့်သုံးခြင်းလမ်းညွှန်မှုများ
- ကိုးကားချက်- ရှာဖွေတွေ့ရှိသောအဖွဲ့ခြုံငုံသုံးသပ်ချက်မှတ်စု၊ LePSAS မှတ်စု၊ ရုပ်မြင်အထောက်အကူ/ရုပ်ပါစာအုပ်များသင်ခန်းစာ
- ရုပ်ပုံပါစာအုပ်များ- အအေးမိခြင်းများ၊ ဝမ်းလျှောခြင်း၊ မျက်စိပြဿနာများ

ဤသင်ခန်းစာကို IDMM TOT တွင်အသုံးပြုသည်။

**မှတ်စု**

လေ့လာသင်ယူသူ ဗဟိုပြုခြင်း၏နိယာမများတို့ကို သတိရပါ။ သင်သည် သင်တန်းမှူး တစ်ဦးဖြစ်သည်၊ ဆရာတစ်ဦးမဟုတ်ပါ (မေးခွန်းများကိုမေးမြန်းခြင်း)။ လွယ်ကူချောမောစေရန်ပံ့ပိုး သောအခါ မတ်တတ်မရပ်ရန်၊ ထိုင်ရန် သတိရပါ။ သင်ခန်းစာတစ်ခုစီတိုင်းတွင် နီးနှောဖလှယ် ရာတွင် သင်တန်းသား၊သူများ ပါဝင်မှုတို့ လိုအပ်သည်။

ဤအရာသည် တိုတောင်းသောရှာဖွေတွေ့ရှိသောအဖွဲ့၏ဘာသာပြန်ဆိုချက် ဖြစ်သည်။ အဓိက အချက်များကိုဖော်ပြချက်အားလုံးအတွက် ရှာဖွေတွေ့ရှိသောအဖွဲ့ကိုခြုံငုံသုံးသပ်ချက်အား ရည်ညွှန်းသည်။

သင်တို့တွင် အချိန် ၁၅ မိနစ်ရရှိမည်။ သင်တို့အဖွဲ့မှ တစ်ဦးကိုအချိန်ဇယားထိန်းသိမ်းသူအဖြစ် ထားပါ။

၃. **<u>ရှေ့သို့မော်ကြည့်ခြင်းအပိုင်း-</u>** တစ်ဦးက ဦးဆောင်လိမ့်မည်။ ၅” အများဆုံး တစ်ဦးက ဦးဆောင်လိမ့်မည်။ ခေါင်းဆောင်သည် လွယ်ကူချောမောစေရန်ပံ့ပိုးခြင်း ဖြစ်သည်၊ သင်ကြားခြင်း သို့မဟုတ် ဟောပြောခြင်းမဟုတ်ပါ။

က. တစ်ဦးဦးက ကျမ်းပိုဒ်ကိုဖတ်သည်။

**ခ. ကျွန်တော်တို့သည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကို လေ့လာသင်ယူရသနည်း။**

**ဂ. ကျွန်တော်တို့သည် လူအကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကို လေ့လာသင်ယူရသနည်း။**

**ဃ. ဤကျမ်းပိုဒ်၌ ကျွန်တော်တို့ လေ့လာသင်ယူထားသည့် အရာ၏ ရလဒ်အနေဖြင့် ကျွန်တော်တို့ အဘယ်အရာကိုပြုလုပ်မည်နည်း။**

**၄. အပြင်ပန်းအပိုင်းကိုကြည့်ခြင်း-** ၁ဝ"

က. ကျန်းမာရေးပြဿနာကို သရုပ်ပြရန် ပြဇာတ်တိုတစ်ပုဒ်ကို ပြင်ဆင်ပါ။ ပြဇာတ်ကိုပြင်ဆင်ရာတွင် သင်၏အဖွဲ့ငယ်မှအဖွဲ့ဝင်များကိုလည်း ပါဝင်စေပါ။ ၅" သင်၏အဖွဲ့မှတစ်ဦးက ပါဝင်သူများအား အောက်ပါ မေးခွန်းများကို မေးလိမ့်မည်။

**၄. သင်အဘယ်အရာကို တွေ့မြင်ခဲ့သနည်း။** အဖြေ ၁-၂ ခု

**၅. ဘာဖြစ်ပျက်နေခဲ့သနည်း။** သူတို့ပြဿနာကို ဖေါ်ထုတ်သည်ကို သေချာစေပါ။

**၆. ဤအဖြစ်အပျက်သည် ကျွန်တော်တို့ဒေသတွင် ဖြစ်ပျက်သနည်း။**

ခ. အခြားသူတစ်ဦးသည် ရုပ်ပုံပါသောစာအုပ်ကိုအသုံးပြုသည့် ကျန်းမာရေး/လူမှုရေး အကြောင်းအရာကို ဦးဆောင်လိမ့်မည်။ ၅"

လေ့လာသင်ယူသူအပေါ် အာရုံစူးစိုက်ရန် သတိရပါ။ **မေးခွန်းများကို မေးမြန်းပြီး အဖြေများကိုစောင့်ပါ။**

ပါဝင်သူများကို ဝေမျှရန်အချိန်ရရှိပြီးနောက် သင် ဝေမျှနိုင်သည်။

**၉.** မျက်နှာဖုံးစာမျက်နှာကို ဖွင့်ပါ။ "**ယနေ့ ကျွန်တော်တို့သည် ______အကြောင်းကိုလေ့လာ သင်ယူသွားမည်။**

**၁ဝ. ဤပုံမှာ သင်အဘယ်အရာကို တွေ့ရသနည်း။ ဤဖြစ်ပျက်မှုသည် ကျွန်တော် တို့၏နေရာတွင် ဖြစ်ပျက်နေသလား။**

၁၁. ပထမစာမျက်နှာသို့လှန်ပါ။ _____**အကျိုးဖြစ်စေသောအကြောင်းရင်းမှာ အဘယ်နည်း။**

၁၂. ဒုတိယစာမျက်နှာသို့ လှန်ပါ။ ______ **ကိုဆက်ဆံပြုမူရန် နည်းလမ်းတစ်ချို့မှာ အဘယ်နည်း။**

၁၃. နောက်တစ်မျက်နှာသို့လှန်ပါ။ **သင်သည် ဆေးခန်း သို့မဟုတ် ဆေးရုံသို့ဘယ်အချိန် တွင် သွားသင့်သနည်း။**

၁၄. နောက်ထပ်စာမျက်နှာတစ်ခုသို့လှန်ပါ။ **သင်သည်________ ကို အဘယ်သို့တားဆီးနိုင် သနည်း။ သို့မှသာ သင်သည်ဤအရာကိုအနာဂါတ်တွင် မကြုံရပေ။**

**၁၅. သင့်အဖို့ အသစ်ဖြစ်သောအရာမှ ယနေ့ အဘယ်အရာကိုလေ့လာသင်ယူ ခဲ့သနည်း။**

၁၆. **သင်၏နေအိမ်၌ အဘယ်အရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်မည်နည်း။**

**သမ္မာကျမ်းစာကိုးကားချက်များ**
(သင်တန်းမှူးအတွက်သာ)

**က. အဖွဲ့ ၁**

**သမ္မာကျမ်းစာရှာဖွေတွေ့ရှိခြင်း- မာကု ၁၂း၄၁-၄၄ (မုဆိုးမ၏အလှူ)**
**ကျန်းမာရေးအကြောင်းအရာ- အအေးမိခြင်းများ**

**၄၁** ထိုနောက်ယေရှုသည်ဘဏ္ဍာတိုက်ရှေ့မှာထိုင်တော်မူစဉ်တွင်၊လူများတို့သည်ကြေးငွေကိုဘဏ္ဍာတိုက်ထဲသို့သွင်းချသည်ကိုကြည့်ရှုတော်မူ၏။ငွေရတတ်သောသူအများတို့သည်များစွာသွင်းချကြ၏။
**၄၂** ဆင်းရဲသောမုဆိုးမတစ်ယောက်သည်လာ၍တပဲလောက်တန်သောကြေးနီဒင်္ဂါးနှစ်ပြားကိုသွင်းချ၏။
**၄၃** ကိုယ်တော်သည်တပည့်တော်တို့ကိုခေါ်၍ငါအမှန်ဆိုသည်ကား၊ဘဏ္ဍာတိုက်ထဲသို့သွင်းချသောသူအပေါင်းတို့ထက်ထိုဆင်းရဲသောမုတ်ဆိုးမသည်သာ၍သွင်းချခဲ့ပြီ။
**၄၄** အကြောင်းမူကား၊ထိုသူအပေါင်းတို့သည်မိမိတို့ကြွယ်ဝသောစည်းစိမ်ထဲကနုတ်၍သွင်းချကြ၏။ ထိုမိန်းမမူကား၊အလွန်ဆင်းရဲလျက်ပင်၊မိမိအသက်မွေးစရာဥစ္စာရှိသမျှကိုသွင်းချလေပြီဟုမိန့်တော်မူ၏။

**ခ. အဖွဲ့ ၂**

**သမ္မာကျမ်းစာရှာဖွေတွေ့ရှိခြင်း- မာကု ၈း ၃၄-၃၈ (ကားတိုင်လမ်း)**
**ကျန်းမာရေး/လူမှုရေးအကြောင်းအရာ- ဝမ်းလျှောခြင်း**

**၃၄** ထိုအခါတပည့်တော်တို့နှင့်ပရိသတ်များကိုခေါ်တော်မူပြီးလျှင်၊အကြင်သူသည်ငါ၌ဆည်းကပ်ခြင်းငှါအလိုရှိ၏။ ထိုသူသည်ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။
**၃၅** အကြင်သူသည်မိမိအသက်ကိုကယ်ဆယ်ခြင်းငှါအလိုရှိ၏။ထိုသူသည်အသက်ရှုံးလိမ့်မည်။အကြင် သူသည် ငါ့ကြောင့်၎င်း၊ဧဝံဂေလိတရားကြောင့်၎င်းအသက်ရှုံး၏။ထိုသူသည်မိမိအသက်ကို ကယ်ဆယ်လိမ့်မည်။
**၃၆** လူသည်ဤစကြဝဠာကိုအကြွင်းမဲ့အစိုးရ၍မိမိအသက်ဝိညာဉ်ရှုံးလျှင်အဘယ်ကျေးဇူးရှိသနည်း။
**၃၇** မိမိအသက်ဝိညာဉ်ကိုအဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း။
**၃၈** မျောက်မထားသောဤလူမျိုးဆိုးတွင်အကြင်သူသည်ငါ့ကို၎င်း၊ငါ့စကားကို၎င်းရှက်၏။လူသားသည်မိမိအဘခမည်းတော်၏ဘုန်းအာနုဘော်ကိုဆောင်လျက်၊သန့်ရှင်းသောကောင်းကင်တမန်အခြံအရံတို့နှင့်ကြွလာသောအခါထိုသူကိုရှက်တော်မူလတံ့။

**ဂ. အဖွဲ့ ၃**

**သမ္မာကျမ်းစာရှာဖွေတွေ့ရှိခြင်း- မာကု ၁ဝး၄၆-၅၂ (ဗာတိမဲအကြောင်း)**
**ကျန်းမာရေး/လူမှုရေးအကြောင်းအရာ- မျက်စိကိုဂရုစိုက်ခြင်း**

**၄၆** ယေရိခေါမြို့သို့ရောက်ကြလျှင်၊ပတည့်တော်မှစ၍များစွာသောလူအပေါင်းတို့နှင့်တကွထိုမြို့မှထွက်ကြွတော်မူစဉ်တွင်၊တိမဲ၏သားဗာတိမဲအမည်ရှိသောလူကန်းသည်လမ်းနားမှာထိုင်၍တောင်းစားလေ၏။

၄၇ နာဇရက်မြို့သားယေရှုရှိကြောင်းကိုကြားရလျှင်၊ဒါဝိဒ်၏သားတော်ယေရှု၊အကျွန်ုပ်ကိုကယ်မသနားတော
မူပါဟုဟစ်ကြော်လေ၏။
၄၈ ထိုသူကိုတိတ်ဆိတ်စွာနေစေခြင်းငှါလူများတို့သည်ငေါက်၍ဆိုကြသော်လည်း၊ဒါဝိဒ်၏သားတော်၊
အကျွန်ုပ်ကိုကယ်မသနားတော်မူပါဟုသာ၍ဟစ်ကြော်လေသော်၊
၄၉ ယေရှုသည်ရပ်တော်မူလျက်၊ထိုသူကိုခေါ်ခဲ့ဟုအမိန့်တော်ရှိ၏။သူတပါးတို့သည်လူကန်းကိုခေါ်၍
မစိုးရိမ်နှင့်၊ထလော့။သင့်ကိုခေါ်တော်မူသည်ဟုဆိုကြ၏။
၅၀ ထိုသူသည်မိမိအဝတ်ကိုချုံပြီးလျှင်၊ထ၍ယေရှုထံတော်သို့သွား၏။
၅၁ ယေရှုကလည်း၊သင်၌အဘယ်သို့ပြုစေလိုသနည်းဟုမေးတော်မူလျှင်၊
၅၂ အရှင်ဘုရား၊အကျွန်ုပ်မျက်စိမြင်စေခြင်းငှါပြုတော်မူပါဟုလူကန်းလျှောက်လေသော်၊ ယေရှုက၊ သွားလော့။
သင်၏ယုံကြည်ခြင်းသည်သင့်ကိုကယ်မပြီဟုမိန့်တော်မူ၏။ ထိုခဏခြင်းတွင်ထိုသူသည် မျက်စိမြင်၍လမ်း၌
နောက်တော်သို့လိုက်လေ၏။